# လီလော့ကျွမ်– တအောင်းတိုင်းရင်းသားသမိုင်း၏သိဆိုသူ



တယ်ဟုန်တိုင်တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မန်စီမြို့တွင် 《တာကူတာလိမ့်ကယ်လိုင်ပြောင်》 ကို ပြည့်စုံလုံလုံစွာ သိဆိုနိုင်သော အနုပညာရှင်သည် နည်းပါးလှသည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေဆက်ခံသူ လီလော့ကျွမ်သည် ယင်းရှားပါးသော အနုပညာရှင်များအနက် တစ်ဦးဖြစ်သည်။ မကြာမီရက်ပိုင်းတွင် သတင်းထောက်သည် ၎င်းနေထိုင်သော မန်စီမြို့ စန်းထိုင်ဆန်းကျေးရွာအုပ်စု ဒုံးကွားရွာစုအဖွဲ့ လူကြယ်ဆာရွာသို့သွားရောက်၍ သူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ တအောင်း တိုင်းရင်းသားရဲ့သမိုင်းဟာ ရှေးအခါ စာပေစာလုံးများနဲ့ မှတ်သားထားခြင်းမရှိခဲ့ဘူး။ နှုတ်တိုက်အပြောနဲ့သာ ဆက်ခံလိုက်ခြင်းဖြစ်တယ်။ သက်ကြီးများက နှုတ်တိုက်ပြောပြီး သင်ပြပေးခြင်းဖြစ်တယ်။ ကျွန်တော်စုစည်းရေးသားထားတဲ့ တိုင်(ရှမ်း)ဘာသာ သမိုင်း(နှုတ်တိုက်ပြော)ဟာ ဒီနေရာများက သင်ယူလာခဲ့ခြင်းဖြစ်တယ်"ဟု လီလော့ကျွမ်ကပြောသည်။ တအောင်းတိုင်းရင်းသားလူမျိုးများ၏ ကမ္ဘာဦးဖန်ဆင်းပုံ မော်ကုန်းကဗျာသည် အဓိကအားဖြင့် တအောင်းတိုင်းရင်းသားများ၏ ဖွားမြင်လာပုံနှင့်ဖွံ့ဖြိုးတိုးတက်ပုံ၊ သဘာဝတရားနှင့် အပင်ပန်းခံ တိုက်ခိုက်ရုန်းကန်ခဲ့ရသော သမိုင်းကိုဖော်ပြခြင်းဖြစ်ကြောင်း၊ ၎င်းကိုနှုတ်တိုက်အပြောစာပေပုံစံဖြင့် တစ်ဆက်ပြီး တစ်ဆက်ဆက်ခံသွားခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

လီလော့ကျွမ်၏မိတ်ဆက်ခြင်းအရ သူသည် ငယ်စဉ်ကတည်းက သက်ကြီးများ၏ ပုံပြင်ပြောပြမှုကို အလွန်နှစ်သက်ပါကြောင်း၊ အထူးသဖြင့် တအောင်းတိုင်းရင်းသားသမိုင်းနှင့် ပတ်သက်သော ဥဒါန်းပုံပြင်ကို ပို၍စိတ်ဝင်စားပါကြောင်း၊ ဘာသာစကားကို ပိုမိုကောင်းမွန်အောင် သင်ယူနိုင်ရန်နှင့် တအောင်းတိုင်းရင်းသား၏ သမိုင်းအကြောင်းကို ပိုမို သိရှိနားလည်နိုင်ရန် သူ့အနေနှင့် (၂၅)နှစ်အရွယ်မှစ၍ တိုင်(ရှမ်း)ဘာသာစကားကို သင်ကြားခဲ့ကြောင်း၊ တရားစခန်းသို့ အမြဲလိုလိုသွားရောက်ပြီး ဘုန်းတော်ကြီးများ၏ တရားဟောပွဲကို နာကြားခဲ့ကြောင်း၊ ဆရာလီလော့အုံးထံ 《တာကူတာလိမ့်ကယ်လိုက်ပြောင်》 ကိုလည်း သင်ယူပြီး တအောင်းတိုင်းရင်းသား၏ သမိုင်းကို စနစ်တကျသင်ယူခဲ့ကြောင်း သိရသည်။

အဘက်ဘက်မှ လေ့လာသင်ယူခြင်းဖြင့် လီလော့ကျွမ်သည် သမိုင်းမော်ကုန်းကဗျာ အများစုကို တတ်မြောက်လာသည်။ ရွာများတွင် ကျင်းပသော ရိုးရာပွဲများအတွက်လည်း အမြဲလိုလို သီဆိုပေးလေ့ရှိသည်။ သူသည် မိမိသင်ယူလာသည့် မော်ကုန်းကဗျာများကို တိုင်(ရှမ်း)ဘာသာဖြင့် မှတ်တမ်းတင်ထားသည်။ သူသည် သီချင်းများ သီဆိုနိုင်ရုံသာမက ရွာအတွင်းရှိ ပညာသည်များအတွက်လည်း ဟောပြောနာကြားသီဆိုပေး လေ့ရှိသည်။ 《တာကူတာလိမ့်ကယ်လိုက်ပြောင်》 ကို တတ်ကျွမ်းနားလည်နိုင်သော လူအနည်းစုအနက် ထူးချွန်သူတစ်ဦးဖြစ်လာတော့သည်။

(၃)နှစ်ကျော်ကြိုးစားခြင်းအားဖြင့် ရှေးခေတ် စာပေစာအုပ်နှင့် သက်ကြီးများ၏ နှုတ်တိုက်အပြောများအရ တအောင်းတိုင်းရင်းသားသမိုင်းကို တိုင်(ရှမ်း)ဘာသာဖြင့် ပြုစုပြီးဖြစ်ကြောင်း၊ ယင်းတိုင်(ရှမ်း)ဘာသာဖြင့် ပြုစုထားသည့် စာအုပ်ကို တရုတ်ဘာသာ အဖြစ်လည်း ဘာသာပြန်ဦးမည်ဖြစ်ကြောင်း လီလော့ကျွမ်ကပြောသည်။

လျှုရှန်ယွမ်

# တယ်ဟုန်ပြည်နယ်ခွဲနယ်စပ်ဖြတ်ကျော်ငွေရှင်းပမာဏ

## ယွမ်၁၂ဘီလီယံကျော်လွန်

သတင်းထောက်သည် မကြာသေးမီရက်ပိုင်းတွင် တယ်ဟုန်ရှမ်း တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ ဆဌမအကြိမ်ပါတီကော်မတီ (၅)ကြိမ်မြောက် မျက်နှာစုံညီ(တိုးချဲ့)အစည်းအဝေးမှ ရရှိသော သတင်းအရ နယ်စပ်ဒေသ ငွေရေးကြေးရေးဆိုင်ရာ ဘက်စုံပြုပြင်ပြောင်းလဲရေးမူဝါဒ ကျင့်သုံးလာပြီးသည့်နောက် တယ်ဟုန်ပြည်နယ်ခွဲ၏ နယ်စပ်ဖြတ်ကျော် ငွေရှင်းပမာဏသည် အရှိန်အဟုန်မြင့် တိုးတက်လာပြီး ယွမ်၁၂ ဘီလီယံကျော်လွန်ခဲ့ကြောင်း၊ ပုဂ္ဂလိကပိုင်းဆိုင်ရာ တရုတ်ယွမ်ငွေနှင့် နိုင်ငံခြားငွေ အခွင့်ထူးခံလဲလှယ်နှုန်းသည် ယူနန်ပြည်နယ်၌ ပထမနေရာတွင် တည်ရှိပြီး တရုတ်နိုင်ငံ၏ ငွေလဲမှုနယ်ပယ်ကို သာမန်လုပ်ငန်းရပ်များအထိ တိုးချဲ့နေသော ပထမဦးဆုံးသောဒေသ ဖြစ်ကြောင်း သိရသည်။

မိတ်ဆက်ခြင်းအရ တယ်ဟုန်ပြည်နယ်ခွဲအနေနှင့် အရပ်သုံးမျက်နှာတွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အားသာချက်ကို အမှီပြုပြီး တရုတ်-မြန်မာနှစ်နိုင်ငံ စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ဆောက်ရန်အတွက် အစွန်အဖျားကျဒေသဖြစ်လာကြောင်း၊ တယ်ဟုန်ပြည်နယ်ခွဲအတွင်း၌ တည်ရှိနေသော ရွှေလီနိုင်ငံတော်စီမံကိန်းဝင်တံခါးဖွင့် ဖွံ့ဖြိုးတိုးတက်မှု စမ်းသပ်ရေးဇုန်သည် တယ်ဟုန်ပြည်နယ်ခွဲ၏ ငွေရေးကြေးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် ပိုမိုကျယ်ပြန့်သော ဟင်းလင်းပြင်နှင့်ကြီးမားသော မူဝါဒထောက်ခံမှုများ ထောက်ပံ့ပေးခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း တယ်ဟုန်ပြည်နယ်ခွဲ၏ ပြည်ပကုန်သွယ်ရေးသည် လျင်မြန်စွာတိုးတက်နေကြောင်း၊ သဘာဝဓာတ်ငွေ့၊ လက်ကိုင်ဖုန်း၊ မော်တော်ဆိုင်ကယ်၊ ကျောက်မျက်ရတနာ၊ သစ်မာစသည့် အချောကိုင်ကုန်သွယ်ရေးလုပ်ငန်းသည် တယ်ဟုန် ပြည်နယ်ခွဲ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းအတွက် အရှိန်အဟုန်မြင့်တိုးတက်နေသောလုပ်ငန်းများဖြစ်လာနေကြောင်း သိရသည်။

ချွေးဝင်

# ရွှေလီမြို့သည် အသစ်ဖွင့်လှစ်ထားသောလုပ်ငန်းများအတွက် ဝင်ငွေခွန် ယွမ်၁၆.၆၁သန်း ကင်းလွတ်သက်သာခွင့်ပေး

ရွှေလီနိုင်ငံတော် စီမံကိန်းဝင်တံခါးဖွင့် ဖွံ့ဖြိုးတိုးတက်မှုစမ်းသပ်ရေးဇုန် တည်ထောင်သည့် သုံးနှစ်အတွင်း စမ်းသပ်ရေးဇုန်အနေနှင့် လုပ်ငန်းများ၏ အခွန်အခလျှော့ချပေးနိုင်ရန် အခွန်ကင်းလွတ်သက်သာခွင့် မူဝါဒကို အဆက်မပြတ်ကျင့်သုံးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် စမ်းသပ်ရေးဇုန်အတွင်းသို့ အသစ်ဝင်လာကြသည့်လုပ်ငန်း (၇၇၆) ခုအနက် လုပ်ငန်း(၉)ခုအတွက် အခွန်အခ ယွမ်၁၆.၆၁သန်း လျှော့ချပေးခဲ့ကြောင်းသိရပါသည်။

၂၀၁၄ခုနှစ်တွင် ရွှေလီစမ်းသပ်ရေးဇုန်တွင် အသစ်ဝင်လာသည့်လုပ်ငန်းများမှာ (၇၇၆)ခုရှိသည်။ ယင်းလုပ်ငန်းများသည် အဓိကအားဖြင့် စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ခေတ်မီဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်း စသည်တို့ဖြစ်သည်။ ၎င်းအနက် မှတ်ပုံတင်အရင်းငွေအရ ယွမ်၁၀သန်းနှင့် အထက်ရှိသောလုပ်ငန်းမှာ (၁၀၂)ခုရှိသည်။ အလေးပေးလုပ်ငန်းများမှာ တရုတ်တောင်ပိုင်းလျှပ်စစ်ကွန်ရက် ယူနန်အပြည်ပြည်ဆိုင်ရာလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ယူနန်တရုတ်ရေနံ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းကုမ္ပဏီလီမိတက်၊ မြောက်ပိုင်းမော်တော်ကားလုပ်ငန်း ယူနန်ရွှေလီမော်တော်ကားကုမ္ပဏီလီမိတက်နှင့် ရွှေလီယင်ပို စက်ခေါင်းထုတ်လုပ်ရေးကုမ္ပဏီလီမိတက် စသည်တို့ဖြစ်သည်။ တယ်ဟုန်ပြည်နယ်ခွဲ နိုင်ငံတော်အကောက်အခွန်ဦးစီးဌာန ဝင်ငွေခွန်ဌာနခွဲ၏ စာရင်းအရ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ(၂၀)ရက်အထိ အသစ်ဖွင့်လှစ်ထားသော လုပ်ငန်း(၉)ခုတို့သည် စမ်းသပ်ရေးဇုန်၏ ဝင်ငွေခွန်ကင်းလွတ်သက်သာခွင့် ခံစားရသဖြင့် ၎င်းတို့အတွက် ဝင်ငွေခွန်ယွမ် ၁၆.၆၁ သန်း လျှော့ချပေးခဲ့ကြောင်း သိရသည်။